# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ် ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းပြုလုပ်လိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအုပ်စု | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁ | Lot (၁) | Smart License (Renewal) | ၁ No |

(က) တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်- ၂-၁၀-၂၀၂၅ ရက်နေ့မှ ၁၀-၁၀-၂၀၂၅ ရက်နေ့ထိ
နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီထိ

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၁၀-၁၀-၂၀၂၅ ရက်နေ့ (သောကြာနေ့)၊ ၁၆:၃၀ နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့်ရက် - ၁၄-၁၀-၂၀၂၅ ရက် (အင်္ဂါနေ့)

(ဃ) တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့် နေရာ - ရုံးအမှတ် (၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ရုံးအမှတ် (၁၂)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၂။ အသေးစိတ်သိရှိလိုပါက၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း ၀၆၇၃-၄၀၇၂၂၀၊ ၀၆၇၃-၄၀၇၅၉၃ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## စီမံရေးရာဦးစီးဌာန

### လုပ်ငန်းဆောင်ရွက်ခြင်း၊ ပစ္စည်းများ တင်ဒါတင်သွင်းခြင်းအတွက် သိရှိလိုက်နာဆောင်ရွက်ရမည့်တင်ဒါစည်းကမ်းချက်များ

၁။ တင်ဒါတင်သွင်းသူတိုင်းသည် ကုမ္ပဏီဆိုင်ရာ လုပ်ငန်းအချက်အလက်များနှင့် နည်းပညာ စံချိန်စံညွှန်းဆိုင်ရာအချက်အလက်များ (Company Profile and Technical Specification) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီ ချိတ်ပိတ်၍ တင်ဒါတင်သွင်းသည့် ပုံစံနှင့် အတူ ( - - ) ရက်နေ့ ( : )နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ စီမံရေးရာဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊နေပြည်တော်ဟုလိပ်မူ၍ ရုံးအမှတ် (၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်ပေးသွင်းရမည်။ သတ်မှတ်ချိတ်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသောတင်ဒါများအား လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၂။ ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့် နည်းပညာစံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များစာအိတ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို မပျက်မကွက်ထည့်သွင်း ဖော်ပြရမည်-

(က) ကုမ္ပဏီမှတ်ပုံတင် (မိတ္တူပူးတွဲတင်ပြရန်)၊

(ခ) ကုမ္ပဏီအကြီးအကဲ (ပိုင်ရှင်) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ တင်ဒါတင်သွင်းသူ၏ အတွေ့အကြုံ မှတ်တမ်းဓာတ်ပုံကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြရန်၊

(ဃ) ကုမ္ပဏီ၏ ကျင့်ဝတ်များဖော်ပြရန်၊ ကျင့်ဝတ်များကို ကုမ္ပဏီဝန်ထမ်းများသို့ ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်း အထောက်အထားများ ပူးတွဲတင်ပြရန်၊

(င) ရောင်းချမည့်ပစ္စည်း၏ စစ်မှန်မှုအား Main Distributer မှ အသိအမှတ်ပြုထားသည့် Manufacture Authorized Letter တင်ပြရန်၊

(စ) ငွေကြေးလည်ပတ်သုံးစွဲမှုနှင့်ပတ်သက်၍ ကုမ္ပဏီမှ ဘဏ်တွင်အပ်နှံထားသည့် Bank Statement (၃)နှစ်စာ၊ ပြင်ပစာရင်းစစ်မှ စစ်ဆေးမှုအထောက်အထားတင်ပြရန်၊

(ဆ) အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ ချလန်မူရင်းမိတ္တူတင်ပြရန်၊

(ဇ) တင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်များ (Specification) (ပူးတွဲပါ ပုံစံအတိုင်း ဖြည့်စွက်၍ တင်ပြရန်ဖြစ်ပါသည်။)နှင့် ဓာတ်ပုံ (သို့မဟုတ်) Catalogue ၊

(ဈ) တင်ဒါအာမခံကြေး ၁% ပေးသွင်းထားသည့် ဘဏ်ချလံ (မူရင်း)၊

(ည) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်မှုရှိ/ မရှိ

၃။ ကုမ္ပဏီဆိုင်ရာ လုပ်ငန်းအချက်အလက်များနှင့် နည်းပညာစံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များ စာအိတ်တွင် မလိုအပ်သည့် စာရွက်စာတမ်းများနှင့် တင်သွင်းမည့်ပစ္စည်း၏ အဆိုပြုဈေးနှုန်းများကို ထည့်သွင်းဖော်ပြခြင်းမပြုရ၊ မှားယွင်းထားသွင်းထားသော ကုမ္ပဏီများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ ဈေးနှုန်းအဆိုပြုလွှာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါရှိရမည်-

(က) တင်သွင်းမည့် ပစ္စည်းများသည် နောက်ဆက်တွဲပါ သတ်မှတ်ထားသည့် အမျိုးအမည်၊ အရည်အသွေး (Specification) အနိမ့်ဆုံးဖြင့် ကိုက်ညီပြီး တင်သွင်းနိုင်မည့် အနိမ့်ဆုံး ဈေးနှုန်းအား ကိန်းဂဏန်း (မြန်မာကျပ်ငွေ)ဖြင့် ဖော်ပြရမည့်အပြင် စာသားဖြင့်ပါ တိကျစွာ ရေးသားဖော်ပြထားရမည်။

(ခ) တင်ဒါအဆိုပြုလွှာတင်သွင်းသူသည် ဆက်စပ်ပစ္စည်းတန်ဖိုးများတင်ပြရမည်။ ပစ္စည်းများ တပ်ဆင်မည့်နေရာအရောက်ဈေးနှုန်းတင်ပြရမည်။ အထက်ဖော်ပြပါ ဈေးနှုန်းများအား Minimum Requirement တင်ပြရမည်။

(ဂ) တင်ဒါအောင်မြင်သူအနေဖြင့် အတည်ပြုထားသည့်ဈေးနှုန်းကို ပြင်ဆင်ပြောင်းလဲခြင်း မပြုရပါ။

(ဃ) ဈေးနှုန်းတည်တံ့မှုကာလအား ဖော်ပြပါရှိရမည်။

၅။ နည်းပညာဆိုင်ရာ အောင်လက်မှတ်ရရှိသော တင်ဒါတင်သွင်းသူများ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ လုပ်ငန်းရှင်များအားလုံး၏ ရှေ့မှောက်တွင် စစ်ဆေးမည် ဖြစ်ပါသည်။ ဌာနမှ Quality and Cost Based Solutions Methods ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။ အဆိုပါနေ့ရက်တွင် တင်ဒါတင်သွင်းသူအားလုံးမှ ပိုင်ရှင်(သို့မဟုတ်) ရှင်းလင်းတင်ပြဆုံးဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်ကိုယ်တိုင် မပျက်မကွက် လာရောက်ရပါမည်။ နည်းပညာနှင့်စပ်လျဉ်း၍ (၁၀)မိနစ်ခန့် Presentation တင်ပြပေးရမည် ဖြစ်ပါသည်။

၆။ နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း(Black List) တင်သွင်းထားသော ကုမ္ပဏီ/လူပုဂ္ဂိုလ် ဖြစ်ပါက တင်ဒါအောင်မြင်ပြီးဖြစ်သော်လည်း ပယ်ဖျက်မည်ဖြစ်သည်။

၇။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေး (တင်ဒါတန်ဖိုး)၏ ၁% ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် သတ်မှတ်ချက်နှင့်အညီ ကြိုတင်ပေးသွင်းရမည်။ တင်ဒါအာမခံကြေး ၁% ပေးသွင်းထားသည့် ချလန်မိတ္တူကို တင်ဒါလျှောက်လွှာ တင်သွင်းချိန်တွင် တင်ပြရမည်။

၈။ တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး ၎င်းတို့ပေးသွင်းထားသော တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ တင်ဒါအောင်မြင်သောသူသည် လုပ်ငန်းအာမခံကြေး Performance Guarantee (PG)၊ တင်ဒါအောင်တန်ဖိုး၏ ၁၀% ကို တင်ဒါစာချုပ် မချုပ်ဆိုမီ ကြိုတင်ပေးသွင်းထားရမည်။

၁၀။ တင်ဒါအောင်မြင်သူနှင့် လုပ်ငန်းအပ်နှံခြင်းစာချုပ်ကို တင်ဒါအောင်မြင်သည့်နေ့မှ (၁၀)ရက်အတွင်း နှစ်ဦးသဘောတူ စာချုပ်ချုပ်ရမည်ဖြစ်ပြီး စာချုပ်တံဆိပ်ခေါင်းတန်ဖိုးအား လုပ်ငန်းလက်ခံသူက ကျခံရမည်။ တင်ဒါအောင်မြင်သူသည် စာချုပ် လာရောက်ချုပ်ဆိုရန် ပျက်ကွက်ပါက ယင်းမှတင်သွင်းထားသည့် တင်ဒါအာမခံကြေးငွေအား နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းမည်ဖြစ်သည်။

၁၁။ တင်ဒါအောင်မြင်သူမှ ၅% ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးသည့် ချလန်တင်ပြမှသာလျှင် ပစ္စည်းတန်ဖိုးငွေမှ ၂% ဝင်ငွေခွန် (Withholding Tax) ဖြတ်တောက်၍ အခွန်ရုံးသို့ ပေးသွင်းပြီး ကျန်ငွေအား ဝယ်ယူသူမှ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ပေးချေမည်ဖြစ်ပါသည်။

၁၂။ စာချုပ်ပါ ပစ္စည်းအားလုံးပေးသွင်းပြီး သက်ဆိုင်ရာဌာနမှ Good Acceptance Certificate ရရှိပြီးမှသာ တင်သွင်းထားသော လုပ်ငန်းအာမခံကြေး (၁၀%) Performance Guarantee ကို (၁)ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ တင်ဒါအောင်မြင်သူသည် တင်ဒါစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သတ်မှတ်ရက်အတွင်း ပစ္စည်းများကို အပြည့်အဝ တင်သွင်းအပ်နှံရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူသည် သတ်မှတ်ထားသည့် ကာလအတွင်း ပစ္စည်း မအပ်နိုင်ပါက နောက်ကျကြေးအဖြစ် ဒဏ်ကြေးငွေ ပေးဆောင်ရမည်။ ရက်လွန်ကြေး တစ်ရက်လျှင် ပေးသွင်းရန် ကျန်ပစ္စည်းတန်ဖိုး၏ (၀.၀၁%)ကို တင်သွင်းသည့် ကုမ္ပဏီဘက်မှ ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၁၄။ တင်ဒါအောင်မြင်သူသည် စာချုပ်ပါ စည်းကမ်းချက်များ၊ တင်ဒါစည်းကမ်းချက်အား လိုက်နာရန်ပျက်ကွက်ပါက စာချုပ်ဖျက်သိမ်းမည့်အပြင် Performance Guarantee (PG) ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းသွားမည်ဖြစ်သည်။

၁၅။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းလက်ခံဆောင်ရွက်နေစဉ် ကာလအတွင်း ကုမ္ပဏီ၏အားနည်းချက်များနှင့် လုပ်ငန်းချို့ယွင်းချက်များ ဖြစ်ပေါ်လာပါက တင်ဒါကော်မတီ၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၁၆။ ပစ္စည်းများကို အပ်နှံချိန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ စစ်ဆေးအတည်ပြုပြီးမှသာ လက်ခံမည်ဖြစ်ပါသည်။

၁၇။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့် ပစ္စည်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သို့ အရောက်ပို့ပေးရမည်ဖြစ်သည်။ ပစ္စည်းများအားလုံး ရောက်ရှိ စိစစ်လက်ခံပြီး အဆင်ပြေမှသာ တစ်ပတ်အတွင်း ဝယ်ယူသူမှ ငွေပေးချေခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၁၈။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့် ပစ္စည်းများအား တစ်ဆင့်ခံကန်ထရိုက် ထပ်မံပေးအပ်ခြင်း မပြုရ။

၁၉။ တင်ဒါအောင်မြင်သူမှ ပစ္စည်းများ လာရောက်ပေးသွင်းရာတွင် အမျိုးအစားမှန်ကန်မှု ရှိ/မရှိကို ကျွမ်းကျင်သူများဖြင့် အသေးစိတ်စစ်ဆေးလက်ခံမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသော ပစ္စည်းများကို လက်ခံမည်မဟုတ်ပါ။ ကွဲလွဲနေသော ပစ္စည်းများအတွက် မူလသတ်မှတ်ချက်အတိုင်း ပြန်လည်ပေးသွင်းရမည်။

၂၀။ တင်ဒါအောင်မြင်သူသည် ပစ္စည်းများ တင်သွင်းပြီးနောက် အာမခံကာလအတွင်း ချို့ယွင်းမှု၊ ပျက်စီးမှု ဖြစ်ပေါ်လာပါက အခမဲ့လာရောက်ပြုပြင်ပေးရမည်ဖြစ်ပြီး အာမခံကာလ ကုန်ဆုံးပြီးနောက်ပိုင်း ချို့ယွင်းမှု၊ ပျက်စီးမှုအတွက် ပစ္စည်းဖိုးနှင့် လက်ခယူ၍ လာရောက်ပြုပြင်ပေးရမည်ဖြစ်သည်။

၂၁။ အိတ်ဖွင့်တင်ဒါများ စိစစ်ရန် ကြေညာထားသည့်နေ့ရက် ရွှေ့ဆိုင်းရခြင်း ဖြစ်ပေါ်လာပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၂။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စိစစ်ခြင်းအား Zoom Application ဖြင့် ဆောင်ရွက်မည်ဆိုပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၃။ အိတ်ဖွင့်တင်ဒါ ခေါ်ယူထားသော ပစ္စည်းများအား အရေအတွက် လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ ဝယ်ယူခြင်းကို တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တင်ဒါကော်မတီသည် တင်သွင်းလာသည့် အိတ်ဖွင့်တင်ဒါများအား စိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်တစ်ဖန် ပြန်လည်ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခွင့် ရှိသည့်အပြင် ယင်းအဖွဲ့၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်သည်။

၂၅။ မရှင်းလင်းသည့်ကိစ္စရပ်များနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇၃-၄၀၇၃၂၇ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး